မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်မှ
အက္ခရာတစ်လုံးကို ရွတ်ဖတ်ခဲ့လျှင် ထိုသူသည်
ကောင်းမှုတစ်ခု ရရှိမည်ဖြစ်သည်။ ကောင်းမှုတစ်ခုသည်
ကောင်းမှုဆယ်ခုနှင့်ညီမျှသည်။
အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်မှ အက္ခရာတစ်လုံးကို
ရွတ်ဖတ်ခဲ့လျှင် ထိုသူသည် ကောင်းမှုတစ်ခု ရရှိမည်ဖြစ်သည်။ ကောင်းမှုတစ်ခုသည်
ကောင်းမှုဆယ်ခုနှင့်ညီမျှသည်။ ငါကိုယ်တော်သည်(အလိဖ် လာမ် မီးမ်)ကို
အက္ခရာတစ်လုံးဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်။ သို့သော် (အလိဖ်)သည် အက္ခရာတစ်လုံး
(လာမ်)သည် အက္ခရာတစ်လုံး (မီးမ်)သည် အက္ခရာတစ်လုံးဖြစ်သည်။
[حسن] [رواه الترمذي]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ
အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်မှ အက္ခရာတစ်လုံးဖတ်ရွတ်သည့် မွတ်စ်လင်မ်တိုင်းသည်
အက္ခရာတစ်လုံးစီတွင် ကောင်းမှုဆယ်ခုရရှိမည်ဖြစ်သည်။ ထိုကောင်းမှုသည် ၎င်းအတွက်
အကျိုးကုသိုလ်ဆယ်ဆအထိ တိုးသွားမည် ဖြစ်သည်။ ထို့နောက် ကိုယ်တော်က ရှင်းပြသည်မှာ
ငါကိုယ်တော်သည် [(အလိဖ် လာမ် မီးမ်)ကို အက္ခရာတစ်လုံးဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်။
သို့သော် (အလိဖ်)သည် အက္ခရာတစ်လုံး (လာမ်)သည် အက္ခရာတစ်လုံး (မီးမ်)သည်
အက္ခရာတစ်လုံးဖြစ်သည်။] ဤသို့ဖြင့် အက္ခရာသုံးလုံးအတွက်
ကောင်းမှုသုံးဆယ်ရရှိမည်ဖြစ်သည်။
https://sunnah.global/hadeeth/my/show/6275